ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့
(၁၉. ၉. ၂၀၁၆)ရက်နေ့တွင် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးသန်းထိုက်တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ“ **ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့ အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ် ပေးရန်”** အဆိုဖြစ်ပါတယ်။ ယခု ဦးသန်းထိုက်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် “ **ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ သတ်မှတ်ပေးရန်”** အဆိုနှင့်ပတ်သက်ပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုလမ်းမကြီး ပေါ်တွင်တည်ရှိပြီး ဟဲဟိုးဒေသမှလည်း ဘော်ဆိုင်း- ပင်းတယ-ရွာငံ- မန္တလေးမြို့များကိုလည်း ဆက်လက်သွားလို့ရတဲ့ဌာန ဖြစ်ပါတယ်။ ဟဲဟိုး-ရွှေညောင်-ရပ်စောက်၊ ဟဲဟိုး-သာစည်များသို့ မီးရထားလမ်းဖြင့်လည်း သွားရောက်နိုင်ပါတယ်။ ဟဲဟိုးကျေးရွာ အုပ်စုအား မြို့အဖြစ် တရားဝင်မဖြစ်သေးသော်လည်း မြို့ဧရိယာအဖြစ် သတ်မှတ်ပေးထားသည်မှာ ကြာပြီးဖြစ်ပါတယ်။ ဧရိယာ စတုရန်းမိုင် ၂၁၄. ၅၅၁ မိုင်၊ ဟဲဟိုးဧရိယာ စတုရန်းမိုင်ဖြင့် ၁. ၄၂၄ မိုင်၊ ဧကအားဖြင့် ၉၁၁. ၇၂၀ ဧကအဖြစ် သတ်မှတ်ထားပါတယ်။ ဟဲဟိုးကျေးရွာအုပ်စုသည် ရပ်ကွက် ၇ ရပ်ကွက်နှင့် ကျေးရွာ ၈ ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေအားဖြင့် ၃၃၁၇ အိမ်၊ အိမ်ထောင်စု ၃၄၃၅ စု၊ ကျား ၇၈၅၀ ဦး၊ မ ၇၉၉၂ ဦး၊ လူဦးရေပေါင်း ၁၅၈၄၂ ဦး မှီတင်း နေထိုင်ကြပါတယ်။

စီးပွားရေးကဏ္ဍအနေဖြင့် တင်ပြရမည်ဆိုလျှင် ဟဲဟိုးဒေသ အုပ်စုသည် စိုက်ပျိုးရေးကို ၉၉ ရာခိုင်နှုန်းနီးပါး အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်တဲ့ဒေသဖြစ်ပါတယ်။ ဟဲဟိုးဒေသမှာရှိတဲ့ ဂဝံနုန်းမြေဆိုတဲ့ မြေအမျိုးအစားသည် အရှေ့တောင်အာရှတွင် အင်မတန်ရှားပါးပြီး ကျွန်တော်တို့ ဒေသမှာဘဲ အများဆုံးရှိပြီး ဒေသထွက်ကုန်များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေ့စဉ်ရက်ဆက်မပြတ် တင်ပို့ပေးနေတာဖြစ်ပါတယ်။ ဒီဒေသမှာ ရှိတဲ့ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး သိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနေခဲ့တဲ့အပြင် သုတေသနဌာနမှာ ဟဲဟိုးဒေသတွင် တည်ရှိပြီး မျိုးပွားခြံ၊ စိုက်ပျိုးရေးဇဟိုခြံ၊ သုတေသနခြံအဖြစ် ဖွင့်လှစ်ထားပါတယ်။ သုတေသနဌာနအဖြစ် အာလူး၊ ကြက်သွန်တစ်သျှူးမျိုးပွားနည်းနည်းပညာကို အောင်မြင်စွာ စမ်းသပ်နိုင်ပြီး မကြာမီ တစ်သျှူး မျိုးပွားနည်းဖြင့် စမ်းသပ်လို့ရသည့် မျိုးကို ဒေသခံများထံ ပြန်လည်ရောင်းချဖို့ အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသရှိ စက်မှု(၁)ဝန်ကြီးဌာနအောက်မှာ ရှိတဲ့ မြင်းမွေးမြူရေးစခန်းမှာလည်း မြန်မာနိုင်ငံတွင် ၂ ခုရှိသည့် အနက် ၁ ခုအပါအဝင်ဖြစ်ပါတယ်။

ပို့ဆောင်ရေးအနေဖြင့် ဟဲဟိုး လေဆိပ်သည် မြန်မာ နိုင်ငံတွင် ဒုတိယ အများဆုံး အသုံးပြုသည့် လေဆိပ်ဟု တရားဝင် စာရင်းဇယားအရ သိရှိရပြီး တရားဝင်လေကြောင်းလိုင်း ၆ လိုင်းဖြင့် ပြေးဆွဲလျက်ရှိပါတယ်။ ဟဲဟိုးလေဆိပ်သည် မကြာခင်မှာ နိုင်ငံတကာလေဆိပ်နှင့်အညီ ဖော်ဆောင်တော့မှာ ဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်အနေဖြင့် ခွင့်ပြုဘတ်ဂျက်ရရှိထားသည်ကို သိရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်

လေဆိပ်ဖြစ်လာသည်နှင့်အညီ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်လာကြမည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ များပြားလာသည်နှင့်အညီ ဟိုတယ် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်နေပြီးဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ဟဲဟိုးကျေးရွာအုပ်စုမှာ အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်း ကျောင်း ၁ ကျောင်း၊ အလက(ခွဲ)ကျောင်း ၁ ကျောင်း၊ မူလွန်ကျောင်း ၁ ကျောင်း၊ မူလတန်း ကျောင်း ၈ ကျောင်းဖြင့် ဖွင့်လှစ်ပြီး ပညာရေးကဏ္ဍကို ဆောင်ရွက် ပေးနေပြီး၊ ကျန်းမာရေးကဏ္ဍ အနေဖြင့် တိုက်နယ် ဆေးရုံ ၁၆ ခုတင်ဆံ့ ၁ရုံ၊ ကျေးလက် ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဌာန၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနများကို ဖွင့်လှစ်ပြီး ကျန်းမာရေးအနေဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

လုံခြုံရေးအနေဖြင့် ရဲစခန်း၊ တပ်ရင်းတပ်ဖွဲ့များ တည်ရှိပြီးဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမှာ အေးချမ်း သာယာသည့် အနေအထားမှာရှိပါတယ်။ ဒ့ါအပြင် ဟဲဟိုး ဒေသသည် မြို့အဖြစ် တရားဝင်မသတ်မှတ် ရသေးသော်လည်း အများအနေဖြင့် မြို့ဟု သိရှိထားပါတယ်။ စည်ပင်သာယာရေးကော်မတီအနေဖြင့် ကလော မြို့နယ် စည်ပင်သာယာရေးကော်မတီက ဘတ်ဂျက်များ နှင့်အခွန်အခများကို ခွဲဝေသုံးစွဲရာတွင် အောင်ပန်း-ကလော-ဟဲဟိုးမြို့အဖြစ် သတ်မှတ်ပြီး ခွဲဝေသုံးစွဲနေပါတယ်။ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းရာတွင် ဟဲဟိုးဒေသမှ စီးပွားရေး ပညာရှင် ၁ ဦး ကိုယ်စားပြု၍ ဖွဲ့စည်းထားပြီး စည်ပင်သာယာရေး ကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ ဒါကြောင့် ဟဲဟိုးဒေသမှာ ကျန်းမာရေး၊ စီးပွားရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ သက်ဆိုင်ရာဌာနဆိုင်ရာ အဆောက်အဦများ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ စည်ပင်သာယာရေး အခွန်အခများကိုလည်း အောင်ပန်း၊ ကလောမြို့များနှင့် တစ်ပြေးညီ ခွဲဝေသုံးစွဲနေတာလည်း ဖြစ်ပါတယ်။ ဟဲဟိုးမြို့အဝင်၊ မြို့အထွက် ဆိုင်းဘုတ်များသည် လည်း စည်ပင်သာယာရေးကော်မတီ၏ အခွန်၊ အခများဖြင့် သုံးစွဲထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဟဲဟိုးဒေသကို မြို့အဖြစ် တရားဝင် သတ်မှတ် ပေးမည်ဆိုပါက ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပြင် ဌာန ဆိုင်ရာ အချင်းချင်း ဆက်သွယ်ရသည့် နေရာကဏ္ဍတွင် လည်းကောင်း၊ ပတ်ဝန်းကျင် အုပ်စုများဖြစ်သည့် ဘော်ဆိုင်းအုပ်စု၊ ဘော်တွင်းအုပ်စုနှင့် ကျောက်ထပ်အုပ်စုများကို ဆက်သွယ်ရာမှာ လည်းကောင်း လျင်မြန်ချောမွေ့ပြီး စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို အဓိကအားကိုးသည့် ဒေသ ဖြစ်သည့်အလျောက် မြို့အဖြစ် တိုးချဲ့သတ်မှတ်ပေးပါကယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ စီးပွားရေး စားဖိုဆောင်မြို့အဖြစ် ဖြစ်လာမှာဖြစ်ပါတယ်။

သို့ပါ၍ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား မြို့အဖြစ် ပြောင်းလဲ တိုးချဲ့သတ်မှတ်ပေးရန် အဆိုကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိ ပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုးဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ တင်သွင်းသော **"ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့ အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ် ပေးရန်"** အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန်"**ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံ ဆွေးနွေးရန် သဘော မတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးသန်းထိုက်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက် တင်သွင်းတဲ့အဆိုကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၀. ၉. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၉) ဖြစ်ပါတယ်။ ဦးသန်းထိုက် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**" ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန် "** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခင်မောင်တင့်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော ဧည့်သည်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ပထမဆုမွန်ကောင်း ပေးပို့ အပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား ဟဲဟိုးမြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ဟဲဟိုးမြို့သည် မြို့ဧရိယာအကျယ်အဝန်း စတုရန်း မိုင်ပေါင်း (၁. ၄၂၄) မိုင် ကျယ်ဝန်းပြီး ဧကအားဖြင့် (၉၁၁. ၂၇၀) ဧက ကျယ်ဝန်းပါတယ်။ ရပ်ကွက်အားဖြင့် (၇) ရပ်ကွက် ဖွဲ့စည်းထားပြီး၊ ကျေးရွာအားဖြင့် ကျေးရွာ(၁၀) ရွာဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၄ အရသော်လည်းကောင်း၊ အောက်မြန်မာနိုင်ငံ မြို့ပြနှင့်ကျေးရွာမြေများလက်စွဲဥပဒေအရသော် လည်းကောင်း၊

ဖွဲ့စည်းမည်ဆိုသည့် အချက်အလက်များနှင့် ကိုက်ညီသည့်အတွက် ၎င်းကျေးရွာ အုပ်စုတွင် နေထိုင်သည့် လူဦးရေ (၅၀၀၀) ဦးရေအစား ယခု ဟဲဟိုးမြို့တွင် လူဦးရေ (၁၅၈၄၂) ဦးအား တွေ့ရှိရတယ်။ အိမ်ခြေအားဖြင့် (၁၀၀၀) သတ်မှတ်ထားရာတွင် အိမ်ခြေအားဖြင့် (၃၃၁၇) အိမ်ကိုလည်း တွေ့ရှိရပါတယ်။

၎င်းအပြင် ဈေး၊ ဘောလုံးကွင်း၊ ကလေးများအပန်းဖြေ ဥယျာဉ်၊ ကစားကွင်း၊ (၁၆) ခုတင်ဆံ့ဆေးရုံ၊ သာသနာရေးဆိုင်ရာ အဆောက်အဦများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာများ၊ စက်ရုံ အလုပ်ရုံ ဆန်စက်၊ ဆီစက်များ တွေ့ရှိရသည့်အပြင် ကျေးရွာပိုင် ထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်၊ အခြေခံပညာရေး မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း များနှင့် ဆက်သွယ်ရေးရုံးများ တည်ရှိပြီး၊ ပဆင်လမ်း၊ စည်ပင်လမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက် လာမည့်လူဦးရေ အတွက် မြို့တိုးချဲ့ရေးအစီအမံ၊ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သဘော်ာဆိပ်၊ လှေဆိပ်၊ ကားဂိတ်များ၊ စနစ်တကျချထားမှုများနှင့် တိရစ္ဆာန်များ ထိန်းကျောင်းမှုအခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေနေရာများ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာများ၊ သင်္ချိုင်းမြေနေရာများ ပြည့်စုံစွာ တည်ရှိသည့်အတွက် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် တိုးချဲ့ ဖွဲ့စည်းပေးနိုင်ပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်။

ဟဲဟိုးမြို့သည် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် ဆက်သွယ်ပြီး နိုင်ငံတကာမှ ဝင်ရောက် လာသော လူဦးရေများ၊ နိုင်ငံခြားသားများ၊ ဆက်သွယ်ထားသော လမ်းပန်းဆက်သွယ်ရေး တာချီလိတ် - ကျိုင်းတုံ - ဟဲဟိုး လေကြောင်းဆက်သွယ်မှု၊ နိုင်ငံ အနှံ့အပြားနှင့် ဆက်သွယ်ထားသော ဒေသတစ်ခုဖြစ် သကဲ့သို့ ကုန်စည်စီးဆင်းမှု၏ အဓိကပင်မလမ်းကြောင်းလည်းဖြစ်သည့် အတွက် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ်တိုးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းဆိုအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ကလောမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော ကလောမြို့နယ်အတွင်းရှိ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးပါရန် အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအုပ်စုမှ မြို့အဖြစ် တိုးချဲ့မည်ဆိုလျှင် ကျွန်တော်အနေဖြင့် အချက်နှစ်ချက် သတိထား မိပါတယ်။ အဲဒီအချက်နှစ်ချက်ကတော့ နေရာဒေသတစ်ခုမှာ လူဦးရေအလွန် တိုးမြင့်လာခြင်း၊ အိမ်ခြေများတိုးတက်များပြား လာခြင်းနှင့် နောက်တစ်ချက်ကတော့ အနာဂတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စနစ်တကျရှိသည့် စီမံကိန်းများရှိသည့် အချိန်တွင် ကျွန်တော်တို့အနေဖြင့် ကျေးရွာအုပ်စုမှ မြို့အဖြစ် တိုးချဲ့သင့်ပါတယ်။ အဲ့လို ကလောမြို့နယ်အတွင်းမှာရှိသည့် ဟဲဟိုးကျေးရွာ အုပ်စုသည် အထက်ပါ အချက်နှစ်ချက်နှင့်လည်း ကိုက်ညီသည်ကို တွေ့ရပါတယ်။

ယခုဟဲဟိုးကျေးရွာအုပ်စု၏ လူဦးရေမှာ (၁၅၈၄၂) ဦးရှိပြီး အိမ်ခြေသည်လည်း (၃၃၁၇) အိမ်ရှိ နေသည်ကို တွေ့ရပါတယ်။ ဒါက လူဦးရေနှင့် အိမ်ခြေတိုးတက်များပြားလာသည်ဆိုတာကို ကိန်းဂဏန်း များအရ သိရှိရပါတယ်။ နောက်တစ်ခုက အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ခေတ်မီ လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာ စေရေးအတွက် ဟိုတယ်ဇုန်စီမံကိန်းများ ဖော်ဆောင်မည့် လုပ်ငန်းများလည်းရှိနေသည်ဆိုတာကို ကြားသိရပါတယ်။

ဒါ့အပြင် ဟဲဟိုးဒေသက ရှမ်းပြည်နယ်တောင်ပိုင်း၏ ပြည်တွင်းပြည်ပခရီးသည်များ လေယာဉ်ဖြင့် လာရောက်သည့် အထင်ကရဝင်ပေါက်နေရာလည်းဖြစ်ပါတယ်။ အဲလိုနေရာ မျိုးသည် ကျေးရွာပုံရိပ်ထက် မြို့ပြပုံရိပ်ဖြစ်သင့်သည့်နေရာ ဖစ်ပါတယ်။ တိုးတက်များပြားလာသည့် လူဦးရေ၌ အုပ်ချုပ်ရေး စနစ်တကျ ရှိသင့်ပြီးတော့ အဲဒီလိုအုပ်ချုပ်ရေးစနစ်တကျ ရှိမှသာလျှင် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဟဲဟိုးဒေသက လူဦးရေတိုးတက် များပြားလာသဖြင့် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးထက် မြို့ပြ အုပ်ချုပ်ရေးအဆင့်ကသာ ပိုပြီးတော့ သင့်တော်ပါတယ်။ ဒါမှသာ တရားဥပဒေစိုးမိုးရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်း မြို့ပြ အုပ်ချုပ်ရေးကသာ စနစ်တကျစီမံဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကလော မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက် တင်သွင်းသည့် ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် တိုးချဲ့ သတ်မှတ်ပေးပါရန် အဆိုအား လေးလေးနက်နက် ထောက်ခံအပ် ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးသွား ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ အဆိုတင်သွင်းသည့် ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုး ကျေးရွာအား ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးရေး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဆွေးနွေး သွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ် ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာ ပြင်ဆင် ဖွဲ့စည်းရေး၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက် တင်ပြရမည်ဖြစ်ပါတယ်။

အောက်မြန်မာနိုင်ငံ မြို့ နှင့် ကျေးရွာမြေများ လက်စွဲဥပဒေ အရ မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းမည် ဆိုပါက အောက်ပါ အချက်အလက်များ ပါဝင်ရမှာဖြစ်ပါတယ်-

(က) လူဦးရေအနည်းဆုံး (၅၀၀၀)ဦး၊ အိမ်ခြေ အနည်းဆုံး (၁၀၀၀) ရှိရပါမည်။

( ခ) ဈေး၊ ဘောလုံးကွင်း၊ ကလေးများ အပန်းဖြေရန် ဥယျာဉ်၊ ကစားကွင်း၊ (၁၆) ခုတင်ဆံ့ဆေးရုံ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ကုန်ထုတ်လုပ်မှု ဆိုင်ရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက် စသည်ဖြင့် ဖြစ်ပါတယ်။

( ဂ ) ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေး ရုံး၊ စာကြည့်တိုက်၊ အခြေခံပညာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေး အိတ်ချိန်းရုံးနှင့် စာတိုက်တို့ဖြစ် ပါတယ်။

(ဃ) ပဆလေမ်း၊ စည်ပင်လမ်း (ကတ္တရာလမ်း၊ ကျောက် ချောလမ်း၊ ဂဝံလမ်း) သောက်သုံးရေ ဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေး အစီအမံ။

( င ) ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များနှင့် စနစ်တကျနေရာ ချထားမှု။

( စ ) တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ အမှိုက် စွန့်ပစ်ရန် မြေနေရာ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာ။

(ဆ) သင်္ချိုင်းမြေနေရာ တို့ဖြစ်ပါတယ်။

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းလို သည့် ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

(က) ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုသည် ပြည်ထဲရေး အမည်ပေါက်ကျေးရွာ (၁၁)ရွာဖြင့် ဖွဲ့စည်းထားရာ ကျေးရွာ (၁)ရွာမှာ ပျက်သွားသဖြင့် လက်ရှိမြေပြင်တွင် ကျေးရွာ (၁၀)ရွာရှိပြီး ဟဲဟိုး ကျေးရွာတွင် အိမ်ခြေ (၂၁၁၆) အိမ်၊ အိမ်ထောင်စု (၂၂၃၄) စု၊ လူဦးရေ (၁၀၄၁၉)ဦး ရှိပါတယ်။

( ခ ) ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုး ကျေးရွာသည် ဧရိယာ (၉၁၁. ၇၂၀) ဧက ကျယ်ဝန်းပြီး မိတ္ထီလာ - တောင်ကြီး -ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ဟဲဟိုးမှ ကလောမြို့သို့ (၂၂) မိုင်၊ ဟဲဟိုး မှ ပင်းတယမြို့သို့ (၂၃) မိုင်၊ ဟဲဟိုးမှ တောင်ကြီးမြို့သို့ (၂၂) မိုင်ကွာဝေးပြီး၊ ဟဲဟိုး -ဘော်ဆိုင်း -ပင်းတယမြို့မှတစ်ဆင့် ရွာငံ - မန္တလေးလမ်း သို့လည်းကောင်း၊ ဟဲဟိုး - အောင်ပန်း - ကလော မြို့မှတစ်ဆင့် မန္တလေးတိုင်း၊ သာစည် - မိတ္ထီလာ မြို့များသို့လည်းကောင်း ရာသီမရွေးသွားလာနိုင် ပြီး၊ သွားလာနိုင်ရာ လမ်းများအားလုံးသည်လည်း ကတ္တရာလမ်းများဖြစ်ခြင်း၊ မီးရထားလမ်းအနေဖြင့် ဟဲဟိုး - သာစည်သို့လည်းကောင်း၊ ဟဲဟိုး - ရွှေညောင် - ရပ်စောက်သို့လည်းကောင်း၊ ရထား လမ်းဖြတ်သန်းသွားလာနိုင်သည့် မီးရထားဘူတာ ရုံရှိခြင်း၊ လက်ရှိလေကြောင်းလိုင်း (၆) လိုင်းပြေးဆွဲနေသည့် ဟဲဟိုးလေဆိပ်တည်ရှိနေခြင်း တို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အနေဖြင့် အထူးကောင်းမွန်သည့် ရထားလမ်းဆုံ၊ ကားလမ်းဆုံ၊ လေယာဉ်လမ်းဆုံသည့် အချက်အချာ ကျသည့်နေရာ တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။

( ဂ ) အုပ်ချုပ်ရေး၊ လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ နယ်မြေရဲစခန်းနှင့် တပ်ရင်း၊ တပ်ဖွဲ့များ တည်ရှိသဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေအေးချမ်းသာယာမှုရှိခြင်းကိုလည်း တွေ့ရှိ ရပါတယ်။

(ဃ) ဟဲဟိုးကျေးရွာအုပ်စုတွင် အခြေခံပညာအထက်တန်း ကျောင်း (၁) ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (၁) ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း (၄) ကျောင်း၊ တိုက်နယ် ဆေးရုံ (၁) ရုံ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန (၁)ခု၊ အနာကြီးရောဂါ တိုက်ဖျက် ရေးဌာန (၁)ခု စသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်မှု ရှိနေကြောင်း တွေ့ရှိရပါတယ်။

( င ) ဟဲဟိုးကျေးရွာအုပ်စုအတွင်း ဟဲဟိုးဆည် သို့မဟုတ် အင်းခေါင်းဆည်ရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်လျက်ရှိခြင်း၊ Myanmar Bell သီးနှံခြောက်ခံစက်ရုံရှိသဖြင့် ထွက်ရှိ လာသည့် သီးနှံများအလေအလွင့်မရှိခြင်းတို့တွေ့ရှိရပါတယ်။

အထက်ပါ အချက်အလက်များအရ ဟဲဟိုးကျေးရွာသည် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်သည်ကို စိစစ်တွေ့ရှိရပြီး မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အောက်ပါ အကျိုး ကျေးဇူးများရရှိနိုင်လာမည်ဖြစ်ပါတယ်-

(က) ဟဲဟိုးမြို့အဖြစ် တိုးချဲ့ပါက အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများဖြစ်သည့် ဘော်ဆိုင်း၊ ကျောက်ထပ်၊ ဘော်နင်း၊ သီခေါင်ကျေးရွာအုပ်စုများမှ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကထက် ပိုမို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

(ခ) မြို့အဖြစ် ဖွဲ့စည်း၍ တိုးတက်လာမည့် ဌာနများ အလိုက် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ရသော လုပ်ငန်းများ လျင်မြန်လွယ်ကူလာနိုင်ပါတယ်။

(ဂ) ဟဲဟိုးကျေးရွာတွင် လက်ရှိလုပ်ကိုင်နေသော ဒေသထွက် ရှမ်းစက္ကူလုပ်ငန်း၊ ထီးလုပ်ငန်းများမှာ နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်မှု ရှိစေ၍ လာရောက်လေ့လာမှုများ ပိုမိုများပြားလာနိုင်ပါတယ်။

(ဃ) မြို့အဖြစ် ဖွဲ့စည်းခြင်းဖြင့် သတင်းအချက်အလက် များ အချိန်နှင့် တပြေးညီရရှိခြင်းကြောင့် ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားတို့နှင့်အတူ မြို့/ရွာ ပြင်ဆင် ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲ ပြည့်စုံစွာ တည်ဆောက်ပြီး ခရိုင်/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အဆင့်ဆင့်တင်ပြ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာ ပြင်ဆင် ဖွဲ့စည်းရေး အမှုတွဲ လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြ ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြပေးသွားရမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုး ကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်း၍ မြို့/ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးချက်၊ အစီရင်ခံစာ၊ မြေပုံများနှင့်အတူ အမှုတွဲ တည်ဆောက်တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက် အဆိုပြုတင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြီး အဆိုအား ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်း ဝင်က ပြန်လည်ရှင်းလင်းသည့်နေရာတွင် ဒီအဆိုကို ထောက်ခံပြီး အတည်ပြုသွားပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြု ရန် သဘောတူ သည့်အတွက် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော “ ကလောမြို့နယ်၊ ဟဲဟိုး ကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ် ပေးရန်” ဆိုသည့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ဤအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။